# ကူမင်းတွင် ဆန်းသစ်ယူနန် ၂၀၁၈ ခုနှစ် ယဉ်ကျေးမှုလုပ်ငန်းကုန်စည်ပြပွဲကျင်းပခဲ့

## ယဉ်ကျေးမှုကုန်စည်ပြပွဲတောက်ပချက်များ



လုဖုန်းဒိုင်နိုဆောနှင့် ယွမ်မုန်လူတို့ကျောက်ဖြစ်ရုပ်ကြွင်း၊ ချာမာလမ်းကြောင်း (မြင်းအုပ်ဖြင့် လက်ဖက်ခြောက်စသောကုန်များတင်ပို့သည့် ရှေးလမ်း) နှင့် တောင်ပိုင်းပိုးထည်လမ်းမ၊ တိုင်းရင်းသားလူမျိုးစုတို့ အတူရှင်သန်လျက်ရှိနေသော ယဉ်ကျေးမှုစသည်တို့ကြောင့် ယူနန်ယဉ်ကျေးမှု၏ များပြားကြွယ်ဝမှုကို အများပြည်သူက ထောက်ခံအတည်ပြုကြသည်။ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးကို ရောစပ်ဖလှယ်ရေးကို မြှင့်တင်ပြီး နှစ်ဖက်တို့ အတူတကွ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်မြောက်ရန်လည်းကောင်း၊ “ယဉ်ကျေးမှု+ခရီးသွားလာရေး”ပုံစံနှင့် ထုတ်ကုန်ပစ္စည်းကို ဖန်တီးရန်လည်းကောင်း ယူနန်အတွက် စဉ်ဆက်မပြတ်ဖော်ဆောင်လျက်ရှိနေသည်။ နောင်တွင်လည်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းပင်ဖြစ်ပါသည်။

၂၀၁၆ခုနှစ် တရုတ်နိုင်ငံယဉ်ကျေးမှုလုပ်ငန်းအရေအတွက်၏ တိုးပွားနှုန်းစာရင်းတွင် ယူနန်ပြည်နယ်သည်(၁၉)နေရာတွင် ရပ်တည်ခဲ့ပါကြောင်း၊ အချိုးအစားကြီးမားသည့်ယဉ်ကျေးမှုလုပ်ငန်းသည် ၂၀၁၃ခုနှစ်၏(၃၄၄)ခုမှ ၂၀၁၆ခုနှစ်၏(၆၂၈)ခုထိ တိုးများလာကာတိုးမြှင့်နှုန်းမှာ(၈၂. ၆%)ရှိကြောင်း သိရပါသည်။

အကြီးစားမျက်နှာပြင် ရုပ်ရှင်ရုံ၊ ARအဝတ်စမ်းအခန်းဖြင့် လက်နှင့်မလုပ်ဘဲ အင်္ကျီများကိုဝတ်ဆင်ရသည့် ပုံစံကိုတွေ့မြင်နိုင်ရသည်။ (၇၂၀)တိမ်ပေါ် VRရှုခင်းအလှပုံများဖြင့် အိမ်ပြင်မထွက်ဘဲ ရှုခင်းအလှထဲတွင် ခံစားနိုင်မည်ဖြစ်သည်။

ယခုနှစ်ပိုင်းက ယူနန်ယဉ်ကျေးမှုလုပ်ငန်း၏ အတိုင်းအတာကြီးမားလာသည်နှင့်အတူ ရောင်စုံယူနန်၏ယဉ်ကျေးမှုအထွေထွေအင်အားနှင့် ထိရောက်မှုအားကို ဘက်စုံမှမြှင့်တင်လာပါသည်။ ယဉ်ကျေးမှုလုပ်ငန်း အသစ်အဟောင်းများသည် အကိုင်းအသစ်မှအဟောင်းထွက်သကဲ့သို့၊ မိုးရွာပြီးဝါးများထွက်လာသကဲ့သို့ရှင်သန်လျက်ရှိနေပြီး ယူနန်ယဉ်ကျေးမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရာတွင်လုပ်ငန်းအသစ်နှင့်ရှုခင်း အသစ်များထွက်ပေါ်လာနေပါသည်။

“ဆန်းသစ်ယူနန်”အတွေးအခေါ် ပိုမိုနက်ရှိုင်းလာခြင်း၊ ယဉ်ကျေးမှုစနစ်ပြုပြင်ပြောင်းလဲမှု ဆက်လက်တွန်းတင်လာခြင်းနှင့်အတူ ယဉ်ကျေးမှု+ခရီးသွားလာရေး၊ သိပ္ပံနည်းပညာ၊ ငွေကြေးစီးပွားရေး၏ရောစပ်မှုများကြောင့် ယူနန်ယဉ်ကျေးမှုလုပ်ငန်းများ၏ ပုံစံပြောင်းအဆင့်မြှင့်တင်မှုကို အရှိန်အဟုန်မြန်ဖြင့် ဖော်ဆောင်နိုင်ခဲ့ပါသည်။ ယူနန်ပြည်နယ်၏ သာလွန်သော ယဉ်ကျေးမှုလုပ်ငန်းအရင်းအမြစ်များကို ထပ်မံဖွံ့ဖြိုးတိုးတက်ပြီး အသုံးပြုလာပါသည်။ ပြည်နယ်ခွဲနှင့် မြို့များ၏ယဉ်ကျေးမှုဆန်းသစ်လုပ်ငန်းကုန်ပစ္စည်းများ အဆက်မပြတ်ထွက်ပေါ်ရာ ယူနန်ယဉ်ကျေးမှုလုပ်ငန်းသည် စီးပွားရေးတိုးမြှင့်မှုဗိုင့်အသစ်တစ်ခု ဖြစ်လာခဲ့သည်။

(၆)နှစ်ဆက်တိုက် ကျင်းပသည့် ယူနန်ယဉ်ကျေးမှုလုပ်ငန်း ကုန်စည်ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကုန်သည်တို့ ယူနန်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့များနှင့် ကုန်သွယ်ညှိနှိုင်းမှုကို လုပ်ဆောင်နိုင်သည့်အတွက် ယူနန်ယဉ်ကျေးမှုလုပ်ငန်း၏ဖွံ့ဖြိုးမှုရလဒ်များကို ဖော်ပြထားသည့်အပြင် ယူနန်ယဉ်ကျေးမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှေ့ရေးနှင့် အလားအလာများကို ဖော်ပြနေပါတော့သည်။



“ပထမအကြိမ် လီကျန်းရှေးဟောင်းမြို့အနုပညာဈေးတန်း”သည် ကူမင်းမြို့အပြင် ဆန်းသစ်ယူနန် ၂၀၁၈ ခုနှစ်ယဉ်ကျေးမှုကုန်စည်ပြပွဲ၏ တစ်ခုတည်းသောခန်းမခွဲဖြစ်သည်။ လာရောက်လည်ပတ်သူများသည် ရှေးဟောင်းမြို့ရှိ အများပိုင်နေရာအတွင်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြသချက်နှင့် တိုင်းရင်းသားတေးသီချင်းများ၊ နာရှီးမင်္ဂလာရှီးရာ၊ နိုင်ငံခြားအနုပညာရှင်တို့ တင်ဆက်သော စူကက်လန်(၃)ယောက်ဘန်အဖွဲ့၊ လမ်းဘေးမှော်ပြသခြင်းနှင့် saxophone သီဆိုတီးမှုတ်မှုစသည့် ဖျော်ဖြေတင်ဆက်မှုများကို လေ့လာကြည့်ရှုနိုင်ခဲ့ပါသည်။ ခရီးသည်၊ ဒေသခံ၊ ကုန်သည်တို့ အတူတကွပါဝင်ဖလှယ်နိုင်ရန် ဖြစ်မြောက်စေခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှုနှင့် ခေတ်ပေါ်အနုပညာရောစပ်ခြင်းကိုလည်း ဖြစ်မြောက်စေခဲ့သည်။ ထို့ပြင် ယူဖန်ယဉ်ကျေးမှုဆန်းသစ်လုပ်ငန်းခြံဇုန်၊ (၈၇၁) ယဉ်ကျေးမှုဆန်းသစ်ခြံဇုန်တွင် ပြခန်းခွဲခင်းကျင်းပြသထားပါသည်။ ထူးခြားသော ယဉ်ကျေးမှုအစီအစဉ်များသည် ကာလတူကျင်းပပြီး အဓိကပြခန်းတွင် အဖွဲ့စုပြီး ပြသခဲ့သည်။

ယခုအကြိမ် ယဉ်ကျေးမှုကုန်စည်ပြပွဲသည် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်ပေါင်း(၁၂၀၀)ကျော် ပါဝင်ပြသရန်ဆွဲဆောင်ခဲ့သည်။ ယူနန်ပြည်နယ်မှ ပြည်နယ်ခွဲနှင့် မြို့(၁၆)ခုနှင့်ပြည်နယ်အစိုးရပိုင်ယဉ်ကျေးမှုလုပ်ငန်းကြီး အုပ်စု(၅)ခုသည် ထူးခြားဆန်းသစ်သည့် ပြသနေရာများဖြင့် ခင်းကျင်းပြသကြသည်။ တရုတ်နိုင်ငံကွမ်တုံ၊ ကျဲကျန်း၊ ကျန်းရှီးစသည့်ပြည်နယ်နှင့် ထိုင်ဝမ်၊ ဟောင်ကောင်ဒေသနှင့် ထိုင်း၊ ရုရှား၊ ဖိလစ်ပိုင်၊ တူရကီစသည့် နိုင်ငံဧည့်သည်ကုန်သည်များသည် ပြပွဲအတွင်းသို့ ပါဝင်ပြသကြသည်။ ဤယဉ်ကျေးမှုကုန်စည်ပြပွဲပေါ်တွင် အလေးပါသော ရင်းနှီးမှုခေါ်ယူသည့် စီမံကိန်းများကို လုပ်ငန်းခွင်တွင် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးမှုငွေပမာဏမှာ တရုတ်ယွမ်ဘီလီယံပေါင်း(၁၂. ၇၇၈)ရှိပါသည်။

သတင်းထောက်--ဟော်ထင်ထင်

# “အဝေးပြေးအားကစားသမား” စွမ်းအင်အသစ်မော်တော်ကား ကူမင်းတွင် လိုင်းတင်

ယခုရက်ပိုင်းက ပထမအသုတ်အော်ဒါမှာယူသည့် M1စွမ်းအင်အသစ်မော်တော်ကားလိုင်းတင် အခမ်းအနားကို ကူမင်းစီးပွားဖွံ့ဖြိုးတိုးတက်ဇုန်တွင် ကျင်းပခဲ့သည်။ အဆိုပါစွမ်းအင်အသစ်မော်တော်ကားကို ယူနန်အာကာသစိန်ကျိုးမော်တော်ကားကုမ္ပဏီလီမိတက် (အောက်တွင် ယူနန်အာကာသမော်တော်ကားဟု အတိုချုံးခေါ်ဝေါ်သည်) သုတေသနပြုထုတ်လုပ်ခြင်းဖြစ်သည်။ လက်ရှိတရုတ်နိုင်ငံတွင် ဆက်လက်မောင်းနှင်နိုင်သည့် မိုင်ခရီးအရှည်ဆုံး၊ ကုန်သယ်ယူမှုအား အကောင်းဆုံးသော စွမ်းအင်အသစ် မော်တော်ကားဖြစ်သည်။

M1စွမ်းအင်အသစ်မော်တော်ကားအပြင်ပုံသဏ္ဌာန်သည် နို့နှစ်ရောင်ဖြစ်ပြီး အတွင်းပိုင်းအလှဆင်အရောင်မှာ အနက်ရောင်ဖြစ်သည်။ မြို့ပြကုန်စည်သယ်ပို့ကားဖြင့်အဓိကထားပြီး ကုန်သယ်ယူမှုပမာဏသည် (၀. ၃၇)တန်မှ(၀. ၅)တန်ထိရှိသည်။ တွန်းအားဓာတ်ခဲသည် လစ်သီယံသံဖော့စဖိတ်ဓာတ်ခဲမော်တယ်ဖြစ်သည်။ အမြန်အားဖြည့်ခြင်းနှင့် ဖလှယ်အားဖြည့်ခြင်း (အနှေးဖြည့်)နှစ်မျိုးခွဲထားသည်။ ရှေ့တစ်မျိုးအားပြည့်ဖြည့်ရန် မိနစ်(၃၀)မှမိနစ်(၆၀)ထိသာလိုအပ်သည်။ အနှေးသွင်းပါက(၈)နာရီမှ(၁၂)နာရီလိုအပ်သည်။ ဝန်သယ်မိုင်ခရီးမှာ (၃၀၀)ကီလိုမီတာကျော်ရှိပြီး ကုန်သယ်မိုင်ခရီးမှာလည်း (၂၀၀)ကီလိုမီတာကျော်သည်။ စွမ်းအင်အသစ်မော်တော်ကားများတွင် “အဝေးပြေးအားကစားသမား”ဟု ဆိုနိုင်ပါသည်။ ထို့အတူ M1စွမ်းအင်သစ်မော်တော်ကားထုတ်ပစ်သော ကားနောက်အငွေ့မှာနည်းပါးပါသည်။ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်ဘဲ သန့်စင်ပါသည်။ ကားသုံးအရင်းမှာ ရိုးရာမော်တော်ကားများထက်နည်းပါးသည်။ အဆိုပါမော်တော်ကားမိုင်ခရီးနှင့် တွက်ချက်ပါက(၁)ကီလိုမီတာတိုင်းစွမ်းအင်အသုံးပြုမှုအရင်းမှာ (၀. ၂)ယွမ်မရှိသောကြောင့် အခြားမျိုးစားတူဓာတ်ဆီကားထက် များစွာလျော့နည်းသက်သာပါသည်။



သတင်းထောက် လျောက်ရှင်းရန်

လင့်ချိတ်ဆက်။ ။ယူနန်အာကာသမော်တော်ကားကုမ္ပဏီသည် ယခင်က “ကူမင်းခရီးသွားကားစက်ရုံ” ဖြစ်သည်။ ၁၉၈၄ခုနှစ်မှစပြီး အကြီးစား၊ အလယ်စား ခရီးသည်တင်ကားများ စတင်ထုတ်လုပ်ခဲ့သည်။ ယခုကမူအဆိုပါကုမ္ပဏီသည် တရုတ်အာကာသသိပ္ပံအုပ်စုအဖွဲ့ တရုတ်အာကာသမော်တော်ကားကုမ္ပဏီလီမိတက်မှ လက်ထက်စီမံအုပ်ချုပ်ခြင်းဖြစ်သည်။ ယူနန်အာကာသမော်တော်ကားကုမ္ပဏီတွင် ပြုပြင်တပ်ဆင်မှု၊ ဂဟေဆော်၊ တိုက်ဖိခြင်း၊ အထွေထွေတပ်ဆင်မှုစသည့် ထုတ်လုပ်မှုလိုင်းများစွာရှိသည်။ နှစ်စဉ်ကုန်ထုတ်နှုန်းမှာ (၁၀၀၀)စီးခန့်ရှိသည်။ ထို့အပြင် ယူနန်အာကာသမော်တော်ကား စက်ရုံဇုန်အသစ် ဆောက်လုပ်ရေးစီမံကိန်းကို ဆောက်လုပ်ပြီးနောက် ယူနန်အာကာသမော်တော်ကားသည် နှစ်စဉ်အကြီးစား၊ အလယ်စား ခရီးသည်တင်ကား အစီးပေါင်း(၅၀၀၀)၊ အသေးစားကုန်ကားနှင့် ပြုပြင်ကား(၅၀၀၀၀)စီး၊ နှစ်စဉ်ထုတ်လုပ်မှုအရေအတွက်မှာ (၁)သိန်း (၁)သောင်းစီးရှိမည်ဖြစ်ပြီး တရုတ်နိုင်ငံတွင် အကျိုးထိရောက်မှုအားအရှိဆုံးသော စွမ်းအင်အသစ်မော်တော်ကား ထုတ်လုပ်ရေးစက်ရုံတစ်ခု ဖြစ်လာမည်ဖြစ်သည်။